
**ရေကန်စွန်း**

Scientific name - *Ipomoea aquatica* Forsskal

Common name - Swamp morning glory

Family - Convolvulaceae






အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံ သို့မဟုတ် နှစ်ရှည်ခံ ရေမှာပေါက်သည့်တွားသွားသောနွယ်ပင်မျိုးဖြစ်သည်။ ရေတွင်ပေါလောပေါ်သည့်အခါတွင် ပင်စည်သည်လုံးဝန်းပြီး အရည်ရွှမ်းကာကိုင်းဖြာပြီး အခေါင်းပါသည်။ မြေပေါ်တွားသွား သည့်အခါတွင် တောင့်တင်းခိုင်မာသည့်ပုံစံအဖြစ်တွေ့ရသည်။ အရွက်မှာ ရွက်ထီးဖြစ်ပြီး ရှည်သွယ်သောဥပုံ သို့မဟုတ် နှလုံးပုံရှိ၍ ထိပ်ပိုင်းချွန်သွားသည်။ အရွက်အောက်ခြေပိုင်း အစိုက်ပါရှိသည်။ ထီးတည်းပန်းပွင့်ဖြစ်ပြီး အဖြူရောင် သို့မဟုတ် ခရမ်းရောင်ရှိသည်။ ပွင့်ချပ်အုံကန်တော့ပုံရှိသည်။ ကြားထွက်ဖြစ်ပြီး ပွင့်ညှာရှည်သည်။ အသီးမှာ အက်ကွဲသီးဖြစ်၍ လုံးဝန်းသောပုံ သို့မဟုတ် ဘဲဥပုံရှိသည်။ အစေ့သည် အညိုရောင် သို့မဟုတ် အနက်ရောင်ရှိသည်။ အစေ့နှင့်ပင်ပိုင်းအားဖြင့် မျိုးပွားသည်။